in cooperation with

myanmar Story Tellers

facebook.com/thirdstorychildrenbooks

သင်္ဘောတိုရီပရောဂျက်မှ ထုတ်ဝေသည်။

ဒံပုလွေ

မနန်းနှင်းရည်အေး

ကတ္တုန်းသရုပ်ဖော် – အဲနီဗေဒါ

ISBN 978-99971-73-55-3

သင်္ဘောတိုရီပရောဂျက်မှ ထွက်ရှိပြီးသော စာအုပ်များ

ဆက်သွယ်ဖေါ်ရွေရန်

+959448311104

www.thirdstoryproject.com

thirdstorychildrenbooks@gmail.com

www.facebook.com/thirdstorychildrenbooks

အိမ်

မနန်းနှင်းရည်အေး

အဋ္ဌမတန်း (၂၀၁၆–၂၀၁၇) ၊ကော့မှူးတာအလက၊ဘားအံမြို့နယ် ရေးသားသောဇာတ်လမ်းကို သရုပ်ဖော်ခံစားတင်ပြခြင်း ဖြစ်ပါသည်။

ကာတွန်းသရုပ်ဖော် – အဲဒိုဗေဒါ

မြန်မာပုံပြောသူများအတွဲ.နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိမွင့်ရီဇံ (၀၁၇၉၃)
သင်္ဘောတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၉၁)၊ ပထမထပ်၊ လမ်း ၄၀ (လယ်)၊
ကျောက်တံတားပြိုနယ်၊ ရန်ကုန်၊

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြို - ဝဝဖဉ္ဇ ၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံပြိုနယ်၊ ရန်ကုန်။

ခရုလေးနာမည်က ပျော်ရွှင်ရွှင်တဲ့။
နာမည်နဲ့လိုက်အောင် ပျော်တတ်တဲ့ခရုလေးပေါ့။
သိပ်လှတဲ့ သူ့ရဲ့ခရုခွံကြောင့်လည်း နာမည်ကျော်ကြားတယ်လေ။
ပြာလဲ့နေတဲ့ သမုဒ္ဒရာထဲမှာ မိသားစုနဲ့ အတူနေပါတယ်။

သိပ်လှတဲ့ ကျောက်ခက်ရေမှော်တွေကြားမှာ သူငယ်ချင်းတွေနဲ့
ကစားတယ်။ နေ့ရက်တိုင်းဟာ ခုလိုပျော်စရာကောင်းနေရင်
သိပ်ကောင်းမှာပဲလို့ ခရုလေးတွေးမိတယ်။

aom(3)acsmif;uwfwlu;(2)vufukd
awG;ifqdkif;

တစ်ရက်မှာတော့ ဦးရဲကြီးရောဘဝဲနဲ့ ဦးရဲကြီးကဏန်းတို့ ရောက်လာပြီး
ကလေးတွေကို ပြောတယ်။ အန္တရာယ်များတဲ့ ကမ်းခြေကို
မသွားဖို့မှာသတဲ့။

ခရုလေးကတော့ ဘာဖြစ်လို့လဲဆိုတာ
မေးကြည့်တယ်။ ဦးဦးကဏန်းကပြောတယ်
“မင်းတို့လေးတွေက သိပ်လှတော့
လိုချင်သူတွေများတယ်” တဲ့လေ။

obl(3) bl/zkf(2) vkkd
awGmifS/



လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာကို
ခရုလေး သိပ်သဘောကျသွားတယ်။
ကမ်းခြေဆိုတာ ဘယ်လိုများပါလိမ့်နော်။
သွားကြည့်ဖို့အတွက် ကြယ်ငါးလေးနဲ့
တိုင်ပင်ကြည့်တယ်။
တစ်ရက်တော့ သွားကြမယ်။

ykuJK2)ukd½k(4)cLkd
awGmifS/

နေရောင်ခြည်တွေ နွေးနေတဲ့ ကမ်းခြေဟာ သိပ်လှပါလား။
လူတွေလည်း သွားလာနေကြတယ်။
ကြယ်ငါးလေးက “ဟော်ရွှင်ရွှင်ရေ ငါတို့ပြန်ကြရအောင်” လို့
ပြောပေမယ့် ခရုလေးက နေချင်သေးတယ်။

em&D)vkt4yif(5)yifuawG3mifS/

ခရုကောက်သူတွေ ရောက်လာကြတယ်။
“ဟာ ခရုအနီလေး သိပ်လှပါလား။ လည်ဆွဲ လုပ်ရမယ်ဟေ့” လို့
တစ်ယောက်က ပြောတယ်။ သူ့ကို ဘယ်ခေါ်သွားမလို့ပါလိမ့်။
ကြယ်ငါးလေးကိုတော့ သူတို့မမြင်သွားကြဘူး။

abmuG(4)uGcifawmif(3)ckdwGmifS/

တောင်းကြီးတစ်ခုထဲမှာ နေရတယ်။ ပြာစိမ်းနေတဲ့
ရေတွေလည်း မရှိတော့ဘူး။ ခရုလေးတစ်ကောင်က
ပြောတယ် “ငါတို့ကို ဟင်းပွဲအရင်လုပ်မှာ” တဲ့။
ဟင်းပွဲထဲတော့ မရောက်ချင်ပါ။

“ခရုလေး ဗျော်ရွှင်ရွှင်ရေ မြန်မြန်တက်ခဲ့ဟေ့” ဆိုတဲ့အသံကို ကြားလိုက်ရတယ်။ သူနေတဲ့တောင်းထဲကို ရောဘဝဲလက်ချောင်းကြီး ဝင်လာတယ်။ “ဦးဦးရောဘဝဲ လာကယ်တာပါလား။”

ကမ်းခြေစောင့်ခွေးကြီးက ဦးဦးကဏန်း၊ ဦးဦးရေဘဝဲတို့ရဲ့
ငယ်သူငယ်ချင်းလေ။ သူက ကူညီတာ။

ကိုယ့်ဒေသက အကောင်းဆုံးပဲလေ။ လွတ်လပ်တယ်။ ပျော်စရာကောင်းတယ်။ ကိုယ့်ဒေသကောင်းကျိုးကို ဝိုင်းဝန်းဆောင်ရွက်ကြရမယ်။ အရွယ်ရောက်မှ နေရာသစ်ကို အတူတူသွားလည်ကြမယ်။

pmtkf(3) tkfw(2) vufukwGmifS/

uav;wa&Mzqkefar;ceftsm;

ခရုကောက်သူတွေက
ပျော်ရွှင်ရွှင်ကိုခေါ်သွားတာ
ဦးဦးရဲတွေက ဘယ်လိုသိတာလဲ။
ဘယ်သူက သွားပြောပေးတာလဲ။

လူကြီးတွေမသိအောင်
တစ်ယောက်ယောက်ကလာခေါ်ရင်
ဘယ်လိုပြန်ပြောမလဲ။

သူငယ်ချင်းတစ်ယောက်ယောက်ကို
အဝေးကြီးသွားဖို့
တစ်ယောက်ယောက်ကခေါ်နေရင်
ဘာလုပ်မလဲ။

ကလေးတို့ရေ လူကြီးမပါဘဲ
ဘယ်နေရာတွေကိုသွားလို့ရလဲ။
လူကြီးတွေနဲ့ အတူသွားနိုင်တာ
ဘယ်နေရာတွေလဲ။

အကြောင်းအမျိုးမျိုးကြောင့် မိဘနှင့်ကင်းကွာနေသော ကလေးငယ်များကို အထူးစောင့်ရှောက်ကာကွယ်ပေးရမည်။
ကလေးများကို ပြန်ပေးဆွဲခံရခြင်းမှ ကာကွယ်ပေးရမည်။